# ပိုမိုကောင်းမွန်သော လုပ်ငန်းခွင်



မြန်မာ့သြဘာလုပ်ငန်းစု၏ အတွေးအမြင် ဗဟုသုတများနှင့် ကျွမ်းကျင်မှုများကိုဖြန့်ဖြူး ရောင်းချသူများနှင့် တောင်သူဦးကြီးများထံ ပံ့ပိုးပေးနိုင်ရန်အတွက် ဝန်ထမ်း၂ ,၇၂၀ ကျော်တို့နှင့် နေ့စဉ်ထိတွေ့ဆက်ဆံလျက်ရှိပါသည်။ ဤဝန်ထမ်းများသည် မြန်မာ့သြဘာလုပ်ငန်းစု၏ ရည်မှန်းချက်များကို အကောင်အထည်ဖော်ရန် အထောက်အကူဖြစ်စေသည့်အလျောက် အဆိုပါဝန်ထမ်းများအတွက် မိမိတို့၏အစွမ်းအစများကို အပြည့်အဝဖော်ထုတ်နိုင်ပြီးတန်းတူညီမျှစွာ အကျိုးခံစားခွင့်ရရှိစေမည့် လုံခြုံမှုနှင့် လေးစားမှုရှိကာ လူတိုင်းပါဝင်နိုင်သော လုပ်ငန်းခွင်တစ်ခုကို တည်ဆောက်ရန်အတွက် မြန်မာ့သြဘာလုပ်ငန်းစုမှ အားသွန်ခွန်စိုက် ကြိုးပမ်းဆောင်ရွက်လျက်ရှိပါသည်။

# ပိုမိုကောင်းမွန်သော လုပ်ငန်းခွင်

## အလုပ်ရှင်ကောင်း ပီသခြင်း

မြန်မာ့သြဘာလုပ်ငန်းစု၏ လုပ်သားအင်အားသည် မြန်မာနိုင်ငံ၏ မတူကွဲပြားမှုများကို ထင်ဟပ်စေပြီး ကျွန်ုပ်တို့၏ ကျင့်ဝတ်စည်းကမ်းသည် လူတိုင်းပါဝင်နိုင်သော လုပ်ငန်းခွင်တစ်ခုဖြစ်ရန် ကျွန်ုပ်တို့၏ ကတိကဝတ်ကို ထိန်းကျောင်းပေးနေပါသည်။ မြန်မာ့သြဘာလုပ်ငန်းစုသည် ကျား၊မတန်းတူညီမျှရေးကို ပေးစွမ်းနိုင်ရန် အပြည့်အဝ ကြိုးပမ်းဆောင်ရွက်လျက်ရှိပါသည်။ ထို့အပြင် မြန်မာ့သြဘာလုပ်ငန်းစုတွင် လုပ်ငန်းညှိနှိုင်းရေးကော်မတီ(WCC) ကို ဖွဲ့စည်းထားရှိပြီး လစဉ်ပုံမှန်တွေ့ဆုံဆွေးနွေးလျက်ရှိပါသည်။ ဤ WCC သည် မြန်မာ့သြဘာလုပ်ငန်းစုအောက်ရှိ ကုမ္ပဏီအားလုံးကို ကိုယ်စားပြုပြီး ဝန်ထမ်းများအနေဖြင့် မိမိတို့၏ ကိုယ်စားလှယ်များနှင့် ဆက်သွယ်ကာ မည်သည့်ပြဿနာများကိုမဆို တင်ပြရန် တိုက်တွန်းအားပေးပါသည်။ ထပ်မံ၍ ၂၀၂၄ ခုနှစ် ဇူလိုင်လ မှ စက်တင်ဘာလအတွင်း မြန်မာ့သြဘာလုပ်ငန်းစုသည် ဝန်ထမ်းများ၏ မျှော်လင့်ချက်များကို ပိုမိုနားလည်နိုင်ရန်နှင့် ၂၀၂၅ ခုနှစ်အတွက် လူသားအရင်းအမြစ် (HR) ဆိုင်ရာချဉ်းကပ်မှုပုံစံကို ပြန်လည်သတ်မှတ်ရန်ရယ်ရွယ်ကာ စစ်တမ်းတစ်ခုကို ပြုလုပ်ခဲ့ပါသည်။

မြန်မာ့သြဘာလုပ်ငန်းစုသည် Myanmar Business Coalition for Gender Equality (BCGE) အဖွဲ့ဝင်တစ်ခု ဖြစ်ပါသည်။ မြန်မာ့သြဘာလုပ်ငန်းစု၏ လုပ်ငန်းခွင်သည် ၂၀၂၅ ခုနှစ်၌ လူတိုင်းပါဝင်နိုင်စေရန် မူဝါဒများကို မြှင့်တင်ပေးရန် မျှော်လင့်ထားသည်။ ပြီးခဲ့သည့်နှစ်အတွင်း မြန်မာ့သြဘာလုပ်ငန်းစုအတွက် လုပ်ကိုင်လျက်ရှိသော ဝန်ထမ်းအင်အား ၂,၇၂၅ ဦးအနက် ၂၃ %သည် အမျိုးသမီးများဖြစ်ကြသည်။ အဆိုပါကိန်းဂဏန်းသည် ၂၀၂၀ ခုနှစ်မှ စ၍ တည်ငြိမ်နေခဲ့ပါသည်။ မြန်မာ့သြဘာလုပ်ငန်းစု၏ ပျက်ကွက်သူအရေအတွက်သည် ၂၀၂၄ ခုနှစ်တွင် ၁.၄ ရာခိုင်နှုန်းသာရှိသည့်အလျောက် အလွန်နည်းပါးနေပြီး (အလုပ်မှနုတ်ထွက်နှုန်းမှာလည်း၂၀၂၃ ခုနှစ်တွင် ၁၈% ရှိခဲ့သည်မှ ၂၀၂၄ ခုနှစ်တွင် ၁၆ ရာခိုင်နှုန်းအထိ အနည်းငယ်လျော့နည်းသွားခဲ့ပါသည်။ ၂၀၂၄ ခုနှစ် ဖေဖော်ဝါရီလတွင် ပြဋ္ဌာန်းခဲ့သော ပြည်သူ့စစ်မှုထမ်းဥပဒေကြောင့် အရည်အချင်းပြည့်ဝသည့် ဝန်ထမ်းများအလုပ်မှနုတ်ထွက်မှုတို့ကို မြန်မာ့သြဘာလုပ်ငန်းစုမှ ရင်ဆိုင်ခဲ့ရပါသည်။ အသစ်ခန့်အပ်ထားသည့်ဝန်ထမ်းသစ် ၅၆၅ ဦးအနက် ၂၅% မှာ အမျိုးသမီးများဖြစ်ကြပါသည်။ ဝန်ထမ်းပေါင်း ၁၂၇ ဦးကို ရာထူးတိုးအပ်ပေးခဲ့ပြီး ၎င်းတို့အနက် ၂၄% မှာ အမျိုးသမီးများဖြစ်ကြသည်။ မြန်မာ့သြဘာလုပ်ငန်းစု၏စီမံခန့်ခွဲမှုရာထူးဖြစ်သည့် မန်နေဂျာနေရာတွင်တာဝန်ထမ်းဆောင်နေသူများအနက် ၂၃% သည် အမျိုးသမီးများဖြစ်ကြသည်။ ၂၀၂၃/၂၀၂၄ ဘဏ္ဍာနှစ်ကုန်တွင် မြန်မာ့သြဘာလုပ်ငန်းစုအနေဖြင့် ယာယီလုပ်သား ၃,၆၂၅ ဦးကို ခန့်အပ်ခဲ့သောကြောင့် ကျွန်ုပ်တို့သည် လူဦးရေ ၆,၃၅၀ ၏ အသက်မွေးဝမ်းကြောင်းတို့ကို တိုက်ရိုက်ထောက်ပံ့ပေးလျက်ရှိပါသည်။


> “ ၂၀၂၃/၂၀၂၄ ဘဏ္ဍာနှစ်ကုန်တွင် မြန်မာ့သြဘာလုပ်ငန်းစုအနေဖြင့် ယာယီလုပ်သား ၃,၆၂၅ ဦးကို ခန့်အပ်ခဲ့သောကြောင့် ကျွန်ုပ်တို့သည် လူဦးရေ ၆,၃၅၀ ၏ အသက်မွေးဝမ်းကြောင်းတို့ကို တိုက်ရိုက်ထောက်ပံ့ပေးလျက်ရှိပါသည်။ ”



## ဘေးအန္တရာယ်ကင်းရှင်းရေး လုပ်ဆောင်ချက်များ မြှင့်တင်ခြင်း

မြန်မာ့သြဘာလုပ်ငန်းစု၏ ဝန်ထမ်းများအားလုံးအတွက် ဘေးကင်းလုံခြုံသော လုပ်ငန်းခွင်အခြေအနေဖြစ်လာစေရေးမှာ မရှိမဖြစ်အရေးကြီးသောကိစ္စတစ်ရပ်ဖြစ်သည်။ ထုတ်ကုန်ထုတ်လုပ်ရေးအပိုင်းတွင်လုပ်ကိုင်နေသည်ဖြစ်စေ၊ ရောင်းချရေးအပိုင်းတွင် လုပ်ကိုင်နေသည်ဖြစ်စေ ကျွန်ုပ်တို့အနေဖြင့် ဤဝန်ထမ်းများကို ၎င်းတို့ နေအိမ်သို့ဘေးကင်းလုံခြုံစွာ ပြန်လည်ရောက်ရှိစေလိုပါသည်။

ကျန်းမာရေးနှင့်လုံခြုံရေး လုပ်ဆောင်ချက်များ တိုးတက်ပြောင်းလဲလာမှု




မြန်မာ့သြဘာလုပ်ငန်းစု၏ ရေရှည်တည်တံ့ခိုင်မြဲရေးဆိုင်ရာအရာရှိသည် သီးသန့်ဖွဲ့စည်းထားသော အဖွဲ့တစ်ခုကို ဦးဆောင်ပြီး မြန်မာ့သြဘာလုပ်ငန်းစု၏ မတူညီသောလုပ်ငန်းခွဲများအားလုံးနှင့် ပူးပေါင်းဆောင်ရွက်ရန်၊ သင်တန်းများပို့ချရန်နှင့်၊ စောင့်ကြည့်လေ့လာခြင်းနှင့် အစီရင်ခံခြင်းတို့ကို တိုးချဲ့သွားရန်တို့အတွက် တာဝန်ယူလုပ်ကိုင်နေလျက်ရှိပါသည်။

၂၀၂၃/၂၀၂၄ ဘဏ္ဍာနှစ်အတွင်း မြန်မာ့သြဘာလုပ်ငန်းစုသည် မတော်တဆထိခိုက်မှုစုစုပေါင်း ၂၈ ကြိမ်မှတ်တမ်းတင်ခဲ့ပြီး ပြီးခဲ့သည့်နှစ်အတွင်း ဖြစ်ပွားခဲ့သော မတော်တဆထိခိုက်မှုအကြိမ် ၄၀ နှင့် နှိုင်းယှဉ်ပါက သိသာစွာလျော့နည်းခဲ့သည်။ မြန်မာ့သြဘာလုပ်ငန်းစု၏ မတော်တဆထိခိုက်မှုနှုန်းမှာ ၂၀၂၃ တွင် အလုပ်လုပ်ချိန် နာရီ ၂၀၀,၀၀၀ လျှင် ၁.၄ ကြိမ်မှ ၂၀၂၄ တွင် ၁ ကြိမ်အထိ ကျဆင်းလာခဲ့ပါသည်။

၂၀၂၄ ခုနှစ် စက်တင်ဘာလတွင် ဝမ်းနည်းဖွယ်ရာ အသက်ဆုံးရှုံးရသော မတော်တဆမှုတစ်ခု ဖြစ်ပွားခဲ့ပါသည်။ ကျွန်ုပ်တို့၏ လုပ်ဖော်ကိုင်ဖက်တစ်ဦးသည် ညအချိန် အိမ်ပြန်လမ်းတွင် မော်တော်ဆိုင်ကယ်စီးနင်းလာခဲ့ချိန် အမြင်အာရုံမကောင်းသည့်အတွက် ရုတ်တရက်ပေါ်လာသော ဆိုက်ကားတစ်စီးကို ရှောင်တိမ်းရန် ကြိုးစားရင်း ကံမကောင်းစွာဖြင့် မော်တော်ဆိုင်ကယ်မထိန်းနိုင်တော့ဘဲ လဲကျခဲ့ပါသည်။ ဦးထုပ်မဆောင်းထားခဲ့သည့်အတွက် ဤမတော်တဆမှုသည် အသက်ဆုံးရှုံးသည်အထိ ပြင်းထန်ခဲ့ပါသည်။ မြန်မာ့သြဘာလုပ်ငန်းစုအနေဖြင့် အဆိုပါလုပ်ဖော်ကိုင်ဖက်၏ မိသားစုအား အကူအညီများ ပံ့ပိုးပေးခဲ့ပါသည်။ ထို့အပြင် မြန်မာ့သြဘာလုပ်ငန်းစု၏ စီမံခန့်ခွဲမှုချဉ်းကပ်ပုံကို ပိုမိုအားကောင်းစေရန် မြန်မာ့သြဘာလုပ်ငန်းစု၏ CEO မှ ရေရှည်တည်တံ့ခိုင်မြဲရေးနှင့် ဘေးအန္တရာယ်ကင်းရှင်းရေးဆိုင်ရာ ကော်မတီတစ်ရပ်ကို မြန်မာ့သြဘာလုပ်ငန်းစုအတွင်းရှိ ဌာနအားလုံးပါဝင်သည့်ပုံစံဖြင့် ဖွဲ့စည်းရန် ဆုံးဖြတ်ခဲ့ပါသည်။ ဤသည်မှာ ဘေးအန္တရာယ်ကင်းရှင်းရေးလုပ်ငန်းကို မြှင့်တင်ရန်နှင့် မြန်မာ့သြဘာလုပ်ငန်းစုတစ်ခုလုံးတွင် ကောင်းမွန်သောလုပ်ထုံးလုပ်နည်းများကို မြန်မြန်ဆန်ဆန် မျှဝေနိုင်ရန် ဖြစ်ပါသည်။ မြန်မာ့သြဘာလုပ်ငန်းစုအတွက် ပထမဆုံးအစည်းအဝေးကို ၂၀၂၅ ခုနှစ်တွင် ကျင်းပမည်ဖြစ်ပြီး ကျွန်ုပ်တို့၏ ဝန်ထမ်းအားလုံး ဘေးကင်းစွာအလုပ်လုပ်နိုင်စေရန် သေချာစွာ ဆောင်ရွက်သွားမည်ဖြစ်ပါသည်။



# အလုပ်အကိုင်များ နှင့် စွမ်းဆောင်ရည်ကို တည်တံ့ရန် ကာကွယ်ပေးခြင်း

လက်ရှိဖြစ်ပေါ်နေသော ပဋိပက္ခသည် မြန်မာ့ဩဘာလုပ်ငန်းစု၏ဝန်ထမ်းများအပေါ် ဘက်ပေါင်းစုံမှ သက်ရောက်မှုများ ရှိခဲ့ပါသည်။ တာဝန်သိလုပ်ငန်းရှင်တစ်ဦးအနေဖြင့် မြန်မာ့ဩဘာလုပ်ငန်းစုသည် အလုပ်အကိုင်တည်တံ့ရေးအပေါ် အကာအကွယ်ပေးရန် အဓိကထားဆောင်ရွက်လျက်ရှိပါသည်။ မြန်မာ့ဩဘာလုပ်ငန်းစုသည် အကျပ်အတည်း ကာလအတွင်း ဖြစ်ပေါ်လာသည့်စိန်ခေါ်မှုများကြောင့် မြန်မာ့ဩဘာလုပ်ငန်းစု၏ မည့်သည့်ဝန်ထမ်းတစ်ဦးတစ်ယောက်ကိုမှ အလုပ်ရပ်စဲခဲ့ခြင်းမရှိပါ။

သို့သော် မြန်မာနိုင်ငံတွင် လူနေမှုကုန်ကျစရိတ်များ မြင့်တက်လာမှုကို မြန်မာ့ဩဘာလုပ်ငန်းစုမှ သတိပြုမိပါသည်။ ထို့ကြောင့် ၂၀၂၃ ခုနှစ်နှင့် နှိုင်းယှဉ်ပါက ၇% ပိုမိုမြင့်မားသော လစာတိုးမြှင့်ရန် စီမံခဲ့ပါသည်။ သို့သော် ကျွန်ုပ်တို့၏ စွမ်းဆောင်ရည်အကောင်းဆုံး ဝန်ထမ်းများအတွက် လစာ ၈ လစာအထိ ရရှိနိုင်သော အကျိုးခံစားခွင့် အပိုဆုကြေးများကိုလည်း ရရှိစေခဲ့ပါသည်။ ဤနည်းလမ်းဖြင့် မြန်မာ့ဩဘာလုပ်ငန်းစု၏ အကျိုးစီးပွားနှင့် ဝန်ထမ်းများ၏ လစာနှင့်ပတ်သက်သော မျှော်လင့်ချက်များကို ကိုက်ညီစေပါသည်။

နောက်ဆုံးအနေဖြင့် မြန်မာ့ဩဘာလုပ်ငန်းစုအနေဖြင့် လက်ရှိဖြစ်ပေါ်နေသောအခြေအနေသည် ကျွန်ုပ်တို့၏ ဝန်ထမ်းအချို့အတွက်၊ အထူးသဖြင့် ပဋိပက္ခနှင့်ကြုံတွေ့ရပြီး လုံခြုံရေး နှင့် ဘဝအာမခံတို့ကိုထိခိုက်နိုင်သည့် ဝန်ထမ်းများအတွက် ခက်ခဲနိုင်သည်ကို နားလည်သိရှိထားပါသည်။ အဆိုပါကိစ္စရပ်နှင့်ပတ်သက်၍ မြန်မာဩဘာလုပ်ငန်းစု၏ ဝန်ထမ်းစီမံခန့်ခွဲမှုအဖွဲ့သည် ဝန်ထမ်းများနှင့် နီးကပ်စွာ ထိတွေ့ဆက်ဆံရင်း လိုအပ်သော ထောက်ပံ့မှုများဖြင့် ကူညီပေးလျက်ရှိပါသည်။ ပဋိပက္ခနှင့်ကြုံတွေ့နေရသည့်နေရာများတွင် နေထိုင်နေသောဝန်ထမ်းများအတွက် ၎င်းတို့၏ လုံခြုံရေးအခြေအနေ စိတ်ချရစေရန် အခြားနေရာများသို့ ပြောင်းရွှေ့နေထိုင်နိုင်ရေးအတွက် မြန်မာဩဘာလုပ်ငန်းစုမှ ကမ်းလှမ်းကူညီခဲ့ပါသည်။

## ဝန်ထမ်းများ၏ကျွမ်းကျင်မှုကိုမြှင့်တင်ပေးခြင်း

ကောင်းမွန်သောရလဒ်များလုပ်ဆောင်ပေးနိုင်ရန် မြန်မာ့ဩဘာလုပ်ငန်းစု၏ဝန်ထမ်းများအပေါ်မူတည်နေသည်။

မြန်မာ့ဩဘာလုပ်ငန်းစုသည် ၂၀၂၄ ခုနှစ်တွင် ဝန်ထမ်းအင်အား ၄,၅၇၀ ဦးကို သင်တန်းများ ပို့ချနိုင်ခဲ့သည်။ ထို့အပြင် ၂၀၂၃ ခုနှစ်၌ မြန်မာ့ဩဘာလုပ်ငန်းစုမှ ဝန်ထမ်းတစ်ဦးချင်းစီအတွက် ပို့ချပံ့ပိုးခဲ့သောသင်တန်းချိန်နာရီနှင့်နှိုင်းယှဉ်ပါက ၂၀၂၄ ခုနှစ်တွင် ၄၀% ပိုမိုတိုးမြှင့်သွားရန် ဆုံးဖြတ်ခဲ့ပါသည်။

အဓိကသင်ကြားပေးခဲ့သည့် အကြောင်းအရာများမှာ နည်းပညာကျွမ်းကျင်မှု၊ ဘေးအန္တရာယ်ကင်းရှင်းရေးဆိုင်ရာအကြောင်းအရာများနှင့် ဝန်ထမ်းရေးရာဆိုင်ရာတို့ဖြစ်ကြသည်။

မြန်မာ့ဩဘာလုပ်ငန်းစုသည် ၂၀၂၃ ခုနှစ်တွင် သင်တန်းပို့ချခဲ့သည့် နာရီစုစုပေါင်း ၆၅၆ နာရီ နှင့် နှိုင်းယှဉ်ပါက ၂၀၂၄ ခုနှစ်တွင် သင်တန်းပို့ချခဲ့သည့် နာရီစုစုပေါင်းမှာ ၉၆၂ နာရီဖြစ်သည်။ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ အကြောင်းအရာများနှင့် ပက်သက်၍ သင်တန်းသင်ရိုးအသစ်များလည်း စတင်ပြင်ဆင် လုပ်ဆောင်နေပြီဖြစ်ပါသည်။

သင်တန်းပို့ချပံ့ပိုးခြင်း ပြောင်းလဲလာမှု

